ဂျန္နသ်သုခဘုံသည် အသင်တို့အနက် တစ်ဦးတစ်ယောက်၏

ဖိနပ်သဲကြိုးထက်ပင် ၎င်းနှင့် ပို၍နီးကပ်သည်။

ဂျဟန္နမ်ငရဲဘုံသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။

အိဗ်နုမတ်စ်အူဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
ဂျန္နသ်သုခဘုံသည် အသင်တို့အနက် တစ်ဦးတစ်ယောက်၏ ဖိနပ်သဲကြိုးထက်ပင် ၎င်းနှင့်
ပို၍နီးကပ်သည်။ ဂျဟန္နမ်ငရဲဘုံသည်လည်း ထိုအတိုင်းပင်ဖြစ်သည်။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်။ ဧကန်အမှန်ပင်ဂျန္နသ်သုခဘုံနှင့် ဂျဟန္နမ်ငရဲဘုံသည် လူသားနှင့် သူ၏ခြေထောက်ပေါ်တွင်ရှိသောဖိနပ်သဲကြိုးထက်ပင်ပို၍ နီးကပ်သည်။ အဘယ့်ကြောင့်ဆိုသော် လူသားသည် တစ်ခါတစ်ရံတွင်အလ္လာဟ်အရှင်မြတ်နှစ်သက်သည့်ကောင်းမှုကို ဆောင်ရွက်လိုက်ပြီး ထိုကောင်းမှုကြောင့်ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ခွင့်ရသွားသည်။ တစ်ခါတစ်ရံတွင် မကောင်းမှုကိုကျူးလွန်လိုက်ပြီး ထိုမကောင်းမှုသည် ဂျဟန္နမ်ငရဲသို့ ကျရောက်ရန်အကြောင်းခံဖြစ်သွားတတ်သည်။

http://www.sunnah.global/hadeeth/my/show/3581